
လမင်းရိုရို
မောင့်ပူးစာဖက်

# (၁)

အနီရဲရဲ အင်္ကျီလက်ပြတ်…အိုမီဂါပုံ ဆံပင်ဖောင်းဖောင်း ကော့ကော့လေးနှင့် အရပ်မြင့်မြင့် ဖြူဖြူသွယ် မိန်းကလေးက ဂျေဒိုးနတ်ဆိုင်ခန်းပေါက်ဝမှ လူတွေကျပ်များ နေသော စားပွဲတစ်ခုဆီသို့ လည်ပင်းလေး မြှင့်ကာ မြှင့်ကာ မျှော်ကြည့်ရှာဖွေသည် ။

"နှင်းဆီ"

"ဟဲ့…ဒီမှာ …ဒီကိုလာ"

ခေါ်သံတွေ ကြားရပေမယ့် မမြင်ရသေး၍ ဆက်ရှာနေဆဲ အပေါက်ဝမှ အလွယ်မမြင်ရသော ချောင်ကျကျစားပွဲမှ မိန်းကလေးတစ်ယောက်က ထရပ်ကာ လက်ပြလိုက်မှ နှင်းဆီက ပြုံးသွားကာ ထိုစားပွဲဆီ ဆတ်တောက်တောက် ပြေးလာပါသည် ။

"ဟဲ့…ပြေးစရာလား…နင့်အသက်အရွယ်က"

"အေးလေ…နောက်ကျတုန်းကကျပြီး…ဒီသုံးလေးလှမ်းစာကျမှ ပြေးမနေနဲ့ "

နှင်းဆီက သူငယ်ချင်းမ သုံးယောက်ကို သွားလေးဖြီးကာ ရယ်ပြရင်း…

"ဆောရီးပါဟယ်၊ ဘယ်လိုမှ စောပြန်လို့ မရလို့ ပါ"

"ချိန်းလိုက်ရင်လေ…နောက်ကျတာ နင်ချည်းပဲ၊ အိမ်ထောင်သည်

က နောက်ကျရတယ်ပဲ မရှိဘူး”

“ဩော…အဲဒီ အိမ်ထောင်သည် က အလကားနေ အားနေတာကိုး၊ ဘာမှ မလုပ်ရ…အပြင်မှာ လည်း မလုပ်ရ…အိမ်မှာ လည်း မီးဖိုချောင် မဝင်ရ၊ ဒီလိုချိန်းဖို့ ထွက်ဖို့ ကိုပဲ မျှော်နေရတာကိုး၊ ဒီတော့ အစောဆုံး သူချည်းပဲရောက်နေတာပေါ့”

နှင်းဆီက ခင်ခင်သိုက်ကို မျက်စောင်းရွယ်လျက်ပြောပါသည် ။

“ငါ့လို အလုပ်မလုပ်ရချင်ရင် ငါ့လို အားကိုးရတဲ့ ယောကျ်ားရှာယူထားကြပါလား၊ ဘာလို့ အပျိုကြီးတွေလုပ်ပြီး ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနေကြသေးလဲ”

“အမယ်လေးနော်…အလုပ်မလုပ်ဘဲ အားအားလျားလျားမနေနိုင်ပါဘူး”

နှင်းမာလာဖြူက ဝင်ပြောလိုက်ပါသည် ။

“နင့်လို ဆရာဝန်မျိုးက နိုင်ငံတော်က အရှုံးတောင်ပေါ်သေးတယ် ခင်သိုက်ရေ…နော်၊ ဆရာဝန်ဘွဲ့ကြီးရထားပြီး ဘာမှ မလုပ်တာ”

“အမယ်…ဆရာဝန်လုပ်တာလည်း မာလာတစ်ယောက်တည်း ရှိတာပါ၊ ဟိုတစ်ယောက်ကလည်း ကုမ္ပဏီမှာ စက္ကတရီတဲ့ ၊ ပေါပင်အလုပ်၊ နင်ကလည်း ဆရာဝန်ဖြစ်ပြီးမှ အလုပ်ပြင်ဆိုင်ဖွင့်…ဟား…ဟား…ကမောက်ကမတွေ၊ ဘာမှ မလုပ်တာက ရှင်းသေးတယ်”

သူတို့ သူငယ်ချင်း လေးယောက်စလုံးက ဆေးတက္ကသိုလ်သက်တမ်းတစ်လျှောက်လုံး တတွဲတွဲ မခွဲဘဲချစ်ခင်ခဲ့ကြသည့် သူငယ်ချင်းအုပ်စုပါ။ ခင်ခင်သိုက်၊ နှင်းမာလာဖြူ၊ ထွတ်မြတ်နှင်းဆီ၊ မြသဉ္ဇာ။ ခင်ခင်သိုက်ကတော့ ဘွဲ့လည်း ရ အိမ်ထောင်လည်း ကျ။ နှင်းမာလာဖြူ

ကတော့ ပိုစတင်ဝင်လျှောက်ကာ ကံအားထောက်မှ စွာ ရန်ကုန်အမျိုးသမီးဆေးရုံကြီးမှာ ပဲ တာဝန်ကျပါသည် ။

ထွတ်မြတ်နှင်းဆီသည် လည်း ဖေဖေရှိစဉ်က ဖေဖေ့ကို မလွန်ဆန်နိုင်ကာ ဆရာဝန်တိုင်း ယူခဲ့ရသော်လည်း ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း စိတ်ဝင်စားသူပီပီ ကိုယ်ပိုင်ကုမ္ပဏီမထောင်နိုင်သေး၊ ငွေကြေးမပြည့်စုံလှသေးပေမယ့် ကုမ္ပဏီကြီးတစ်ခုရဲ့ ဦးဆောင်သူ၏ စက္ကတရီတစ်ယောက်ဘဝကို ကြိုးစားပမ်းစားအရယူထားပါသည် ။ ဘွဲ့ရပြီးချိန်မှာ ဖေဖေဆုံးပါးခဲ့တာကလည်း သုံးနှစ်ကျော်ပြီ။ မေမေကတော့ သူ့ရဲ့ ဘဝရှေ့ရေးအတွက် ဘာမှ ဝင်မဆုံးဖြတ်ပါ။ စိတ်ချမ်းသာရာကိုသာ ရွေးချယ်လုပ်ပိုင်ခွင့် ပြုခဲ့ပါသည် ။

မြသဉ္ဇာကတော့ ကျောင်းပြီးသည် နှင့် ငွေကြေးပြည့်စုံသူပီပီ ပြည်ပကို ခဏထွက်သွားလိုက်ကာ အလှပြင်ခြင်းဆိုင်ရာ သင်တန်းတစ်ခုကို တက်ရောက် အောင်မြင်လာခဲ့ပြီး ဒီကို ပြန်လာ၍ အလှပြင်ဆိုင် ဖွင့်ထားပါသည် ။

ခင်ခင်သိုက် တစ်ယောက်သာ အားလုံးထဲ အိမ်ထောင်သည် ။ သို့ပေမဲ့ အိမ်ထောင်သည် မို့ ရင့်ကျက်မသွားဘဲ ယောက်ျားက ဘာမှ မခိုင်းအေးအေးလူလူ ထားတာမို့ ဘာမှ မလုပ်ရ မကိုင်ရ၊ အရည်အချင်း မပြရသလို တဖြည်းဖြည်း ဘာမှ လည်း မလုပ်တတ်တော့ပါ။ သားသမီးလည်း မထွန်းကားသေး၍ သူကပဲကလေးလို ပြန်ဖြစ်နေသည် ။

လေးယောက်ထဲမှာ အိမ်ထောင်သည် ဖြစ်တဲ့ ခင်ခင်သိုက်သာ အအားလပ်ဆုံး တာဝန်အကင်းဆုံး။ သူ အားတိုင်းချိန်းချင် တွေ့ချင် အတူလည်ချင်မို့ ကျန်သုံးယောက်က အားချိန်ညှိပြီး သူ့အလို လိုက်ကြရပါသ

ည်။

"ကဲ…ငါဖိုက်ဆာတယ်ဟ…ငါ့ဖို့ မှာ ပေးဦး"

"ကိုယ့်ဟာကိုယ် သွားထ,ယူပါလား"

"အမယ်လေးဟယ်…အပေးလာရတာ အမောမပြေသေးလို့ ပါ၊ သဉ္ဇာ…ချစ်ချစ်လေးက လိမ္မာတယ်၊ ငါ့ကို နို့အေးရယ်…ဘတ်တာကိတ်တစ်ချပ်ရယ် သွားယူပေးပါဟယ်"

"အေးပါဟယ်…အေး"

မြသဉ္ဇာက ထသွားပါသည်။

"တစ်ယောက် ကျောခိုင်းတာနဲ့ အတင်းတုတ်တာပဲလို့ တော့ မထင်နဲ့ပေါ့ဟယ်၊ မိသဉ္ဇာ စွံတော့မယ် ထင်တယ်ဟဲ့၊ သူ့ဆိုင်ကို တစ်ယောက်သောသူ စက်ကျနေတာ ငါသတင်းအတိအကျ ရထားတယ်၊ ဒါကြောင့် ဒီနေ့ အစ်မေးမလို့ "

"ဟုတ်လား…ဘယ်သူလဲ"

"ငါတို့ အတန်းထဲက အေးချိုဦးရဲ့ အစ်ကို၊ ငါ့ယောက်ျားနဲ့ နည်းနည်းပါးပါး သိတယ်ဟဲ့"

"ဟုတ်လား၊ ကြိုက်နေကြပြီလား"

"အဲဒါ အခုစစ်ရမှာ ပေါ့၊ သင်းက မပြောသေးဘူး၊ တိတ်တိတ်မြို ထားတယ်"

နှင်းဆီက ကုတ်ပြ၍ ရယ်ကာ မာလာ့ ကော်ဖီခွက်ကို ဆွဲယူစုပ်သောက်သည်။

"ဟဲ့…ငါ့ကော်ဖီလေ"

"သိတယ်လေ"

"နင်က နို့သောက်မှာ ပဲဟာ...ငါ့ကော်ဖီ ပြန်ပေး"

"နည်းနည်းလေး အာခြောက်လို့ သောက်တဲ့ ဟာ...ဖြစ်နေလိုက်တာ ...အေးပေါ့...နင် ငါ့ကို ကော်ဖီတစ်ငုံတောင် မသထာဘူးပေါ့"

"နင်ကတော့ကော...ဟင်...၊ဟိုတစ်ခေါက် မြို့လယ်ကောင်ကြီးမှာ ဆုံတာ၊ နင့်လက်ထဲမှာ ချောကလက်ပြားကြီးနဲ့ လေ"

"အဲဒါ...အဲဒီနေ့က အန်ကယ်နဲ့ ပြေးလွှားနေရတာ မနက်စာတောင် မစားရသေးလို့ ...တအားဗိုက်ဆာနေလို့ အန်ကယ် ဝယ်ကျွေးတာ၊ ဒါ လေးပဲ မြဲပြီး အဆာဖြေနေရတာ"

"အဲဒါ ငါက ချောကလက်နည်းနည်းလောက် တောင်းတော့ နင်မှတ် မိလား... ကဲ...နင့်ကျမဖြစ်ဘူးလား၊ ဒီမှာ ခင်သိုက်ရဲ့ ၊ ဒီဟာမလေ ငါ့ ကို ချောကလက်ကို တစ်ကဒ်လေးပဲ ဖဲ့ကျွေးတယ်၊ တစ်တန်းလောက် တောင် ဖဲ့မပေးဘူး၊ လက်မတစ်ဆစ်လောက်လေးပဲ ပေးရတယ်၊ ထပ် တောင်းလည်း မရဘူး"

ခင်ခင်သိုက် မျက်နှာက ရှုံ့တွလာကာ...

"ဟယ်...နင်တို့ နှစ်ယောက် ဘယ်လိုဖြစ်နေတာလဲ... စားမာန်ခုတ်ပြီး ငတ်နေရအောင် မစားနိုင် မသောက်နိုင်ဘဝတွေမို့လား ၊ လူကြီးတွေကဖြင့် အိုနာတော့မယ်၊ မုန့်နည်းနည်းဖဲ့တောင်းရင်း မကျေ မနပ် ဖြစ်ရတုန်းလား...ဖြစ်စရာလား...ကျွတ်"

"ဘယ်မှာ အိုနာလို့ လဲ၊ သူ မသထာလို့ ငါလည်း မသထာဘူး"

"ဟင်...ပြောပုံကြီးက...၊ နင့်လူနာတွေ တွေ့ရင် ကုရဲစရာမရှိဘူး၊ ဒီ ဆရာဝန်မ သူငယ်ပြန်နေတယ် ထင်မှာ ပဲ"

"ဒီမှာ ...မာလာ...ငါနင့်ကို သထာတယ်၊ ဒါပေမဲ့ အဲဒီနေ့က ဗိုက်တအားဆာနေလို့ များများ မပေးနိုင်တာဟ၊ ခုတော့ ငါမောပြီး အာခြောက်လို့ "

နှင်းဆီက ပြောပြောဆိုဆို အလစ်မှာ နောက်တစ်ငုံစုပ်လိုက်ပါသည်။

"ဟယ်"

မာလာက သူ့ဖန်ခွက်ကိုကြည့်ကာ နှင်းဆီကို တဖတ်ဖတ်ရိုက်ရင်း...

"ကြည့်စမ်း...အလစ်...အလစ်လုပ်တာ၊ ဟာကွာ... ငါ့ဟာ ရေခဲတွေပဲ ကျန်တော့တယ်"

ခင်ခင်သိုက် စိတ်ပျက်စွာ သက်ပြင်းကြီး မှုတ်ထုတ်လိုက်မိပါသည်။

"ဟဲ့...နင်တို့ နှစ်ယောက် ဘယ်လိုဖြစ်နေတာလဲ၊ နင်တို့ ကိုယ်နင်တို့ ဘာတွေမှတ်နေလဲ၊ တစ်ယောက်က ဆရာဝန် တစ်ယောက်က စက္ကတရီ ၊ အသက်တွေကလည်း သုံးဆယ်ရောက်တော့မယ်"

"နှစ်ဆယ့်ရှစ်ပဲ ကျော်သေးတယ်၊ နင် မပိုနဲ့ "

"ဒါ ငယ်သေးလား...ငယ်သေးလား၊ ငါ့အမေ နှစ်ဆယ့်ရှစ်နှစ်မှာ ငါတို့ မောင်နှမသုံးယောက်လုံးကို မွေးပြီးပြီ၊ ငါတောင် နှစ်တန်းတက်ပြီ"

"နင့်အမေဘာသာ စောယူ စောမွေးတာ ဘာတတ်နိုင်မလဲ"

"ကြည့်စမ်း ငါ့အမေကို"

ခင်ခင်သိုက်က နှင်းဆီကို ဖျတ်ခနဲရိုက်ရင်း...

"ငါဆိုလိုနေတာက နင်တို့ လည်း လင်ယူသားမွေးအရွယ်ကြီးတွေ ဖြစ်နေပြီ၊ ခုချိန်မှာ မုန့်ငတ်မနေနဲ့ ...အိမ်ထောင်ပြုဖို့ ကို စဉ်းစား...ဟွန့်"

"အိမ်ထောင်ဆိုတာ အချိန်တန်ရင် ကျမှာ ပဲ၊ တမင်လုပ်နေစရာ မလို ပါဘူး၊ မကျလည်း အေးတာပဲ"

"နင်တို့ ကို အပျိုကြီးဖြစ်မှာ စိုးလို့ ပြောနေရတာ"

"ဖြစ်ဖြစ်ဟယ်…ဘာမှ အရေးမကြီးဘူး"

"အေးလေ…၊ အိမ်မှာ လည်း အမေနဲ့ အဘွားက အပျိုကြီးဖြစ်မှာ စိုး လို့ တရားတွေ တစ်ပောတည်း ဟောနေလို့ အူရတဲ့ ကားထဲ"

"နင်က ပိုဆိုးတယ် နှင်းဆီရဲ့ "

"ငါက ဘာဖြစ်နေလို့ လဲ"

"နင့်အမေက တစ်ဦးတည်းသောသမီး၊ နင်က တစ်ဦးတည်းသောသ မီး…နင် အိမ်ထောင်မပြုရင် မျိုးဆက်ပြတ်မှာ ပေါ့"

"ပြတ်စမ်းပါစေ…ပြတ် ဘာဖြစ်တုံး"

"မာလာ သူ့အစ်ကို ရှိသေးတယ်၊ သူ့အစ်ကို အခုနှစ်ယောက် မွေး ထားပြီးပြီ၊ မာလာ အပျိုကြီးဖြစ်လည်း သူ့အိမ်က ဒီလောက် စိတ်ပူစရာ မရှိဘူး၊ နင်က အိမ်ထောင်ပြုရမှာ ၊ ကိုကို့သူငယ်ချင်း လူပျိုထဲက ကော င်းကောင်း ကန်းကန်းတွေ အများကြီးပါလို့ …စပ်ဟပ်ပေးပါ့မယ်လို့ ပြောသားနဲ့ "

"နင်စပ်ပေးတိုင်း ငါက ချစ်ဦးမှ ရင်ခုန်ဦးမှ ကို…၊ နင်က ငါ့အမေ လား၊ နင်ပေးစားတာ ငါက လက်ခံရမှာ လား"

"နင့်ဟာနဲ့ နင်မှ မရှာဘဲနဲ့ ဟာ…ကလေးကြီးလို လုပ်နေတာ"

"လုပ်တော့ နင့်အပူလား"

မြသဉ္ဇာ ပြန်ရောက်လာ၍ နှင်းဆီက ဗန်းထဲနို့ဖန်ခွက်ကို ဆွဲယူလိုက်

ပါသည် ။ ပိုက်နှင့် စုပ်၍ အားရပါးရသောက်နေကာ အားလုံး တစ်ကြိမ်တည်း ကုန်သွားပြီ ရေခဲတုံးကြိုကြိုကြားကြားထဲ မရှိတော့သော တစ်စက် နှစ်စက်ကို အတင်းစုပ်နေတာမို့ ဂွီးဂွီးသံကြီး ထွက်လာပါသည် ။

"ဟဲ့…"

ခင်ခင်သိုက်က အမြင်ကတ်စွာ အော်သည် ။

"စိတ်ညစ်တယ်နော်…နင်နဲ့ တော့၊ မဖြစ်ဘူး…နင်တို့ သုံးယောက်လုံးကို မြန်မြန်ဖူးစာရှင် ရှာပေးရမယ်"

ခုမှ ပြန်ရောက်လာသော သဥ္ဇာက အူကြောင်ကြောင်နှင့်

"ဘာဖြစ်လို့ လဲ"

"ဘာဖြစ်ရမလဲ…အပျိုကြီးတွေဆိုတာ လူ့လောကမှာ တာဝန်မကျေတဲ့ လူတွေ"

"အောင်မာ…အပျိုကြီး မဖြစ်သေးပါဘူးနော်"

မြသဥ္ဇာက ခါးခါးသီးသီး ကန့်ကွက်သည် ။

"ဘယ်တော့မှ ဖြစ်မှာ လဲ"

"လေးဆယ်လောက်မှ အပျိုကြီးပေါ့ဟဲ့၊ ခုမှ သုံးဆယ်တောင်မရှိသေးဘူး၊ နင်ရတိုင်း မိုးချိုးမျှစ်ချိုး မပြောပါနဲ့ "

"အေးလေ…ခုခေတ်က အိမ်ထောင်ပြု နောက်ကျတဲ့ ခေတ်၊ ငါတို့ အဘွားတွေ ဘာတွေ ခေတ်မျိုး မဟုတ်ဘူး ၊ အိမ်ထောင်မကျသေးလေ တန်ဖိုးရှိလေ…သိရဲ့ လား၊ ပညာတတ်တဲ့ မိန်းမ…ကိုယ့်ငွေ ကိုယ်ရှာနိုင်တဲ့ မိန်းမ…အားကိုးစရာမလိုတဲ့ မိန်းမတွေ အလောသုံးဆယ် ယောက်ျားယူဖို့ မလိုဘူး … အေးဆေးပဲ"

"နင်တို့ ...အချစ်ကို ဘယ်သွားထားမလဲ၊ ငါလည်း ပညာတတ်တာပဲ၊ ကိုယ့်ဟာကိုယ် ရှာစားမယ်ဆိုလည်း စားနိုင်တာပဲ၊ အားကိုးဖို့ သက်သက်လည်း မဟုတ်ပေါင်၊ ကိုကို့ကို ချစ်လို့ ယူတာဟဲ့...သိရဲ့ လား"

"နားကလောလိုက်တာ အရမ်းပဲ"

"နင်တို့ တွေသာချစ်မေတ္တာလည်း မသိ...လူ့လောကတာဝန်လည်း မသိ...မျိုးရိုးအဆက်အနွယ် ထွန်းကားပြန့်ပွားဖို့ လည်း မသိ...၊ ကလေးကြီးတွေ ကျနေတာပဲ"

"နင်က ဘာမရှုစိမ့်နိုင်တာ ဖြစ်နေတာလဲ"

"မကြည့်ချင်ပါဘူး... အပျိုကြီးတွေ၊ ကိုယ့်အိမ်ထောင်လေးတွေ ကိုယ့်သားသမီးလေးတွေနဲ့ မိသားစုလိုက် စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင် ပေါင်းမယ်..."

"နင် ဒီလိုစိတ်ကူးတာနဲ့ ငါတို့ က ယောကျ်ားကောက်ယူရရောလား၊ ကဲပါဟာ...မျှော်လင့်ချက်ရှိတဲ့ သူကိုပဲ ပြောစမ်းပါ"

နှင်းဆီက မေးငေါ့လိုက်၍ မြသဉ္ဇာက အိုးတိုးအမ်းတမ်း မျက်လွှာကျသွားပါသည်။

"ကဲ...ပြောစမ်း သဉ္ဇာ၊ နင် ဘာတွေကျိတ်ပြီး လျှို့ဝှက်ထားတာလဲ၊ ရှိနေရင်ဖြင့်လည်း မြန်မြန်ယူလိုက်ဟယ်၊ ဒါမှ ခင်သိုက် နည်းနည်းကျေနပ်သွားမယ်၊ သုံးယောက်စလုံးမစွံသေးတာနဲ့ စာရင် တစ်ယောက်စွံသွားတာက တော်သေးတယ်"

"ဘာလဲ...မာလာရဲ့၊ အခြောက်တိုက် ငါ့ကို"

"ဟိတ်...နင် မလျှိုနဲ့ ...အဲဒီ ကိုမင်းထွန်း ဆိုတာ ကိုကိုနဲ့ သိတယ်"

"ဟာ…"

သဉ္ဇာ မျက်နှာနီမြန်းကာ မဖုံးကွယ်သာပဲ ပြုံးစိစိဖြစ်သွားပါသည် ။

"မဟုတ်ပါဘူးဟယ်၊ ငါနဲ့ ဘာမှ မဖြစ်သေးပါဘူး"

"ဖြစ်ခါနီးနေပြီ မဟုတ်လား"

"နင်တို့ က ဘယ်လိုဖြစ်လို့ လိုက်စစ်မေးနေရတာလဲ"

"ငါတို့ က ကန့်ကွက်မလို့ မဟုတ်ပါဘူး၊ တိုက်တွန်းမလို့ ၊ ငါဆို အိမ်ထောင်ကျတာ တစ်နှစ်ရှိပြီ၊ ကလေးလည်း ခုထိမရသေးဘူး၊ ထားပါတော့…ငါတို့ အသက်သုံးဆယ်မှာ ကလေးရကြရင် ကလေးအသက်သုံးဆယ်မှာ ငါတို့ ခြောက်ဆယ် ဖြစ်နေပြီ၊ အခု ငါ့အသက်မှာ ငါ့အဖေအသက်ငါးဆယ်ပဲ ရှိသေးတယ်၊ နင်တို့ အမေတွေလည်း ငါးဆယ်ကျော်ငါးဆယ်ပဲ ရှိသေးတယ်၊ ဘာပဲဖြစ်ဖြစ်…လူ့ဘဝမှာ လူတစ်ယောက်ဟာ အသက်သုံးဆယ်လောက်မှာ Settle down ဖြစ်မှ ကောင်းတယ်။ မိသားစုဘဝ စီးပွားရေးအခြေအနေ…အားလုံး အထိုင်ကျနေဖို့ လိုတယ်…"

"နင်တို့ အိမ်တွေကို လာလည်လိုက်ရင်လည်း နင်တို့ အမေတွေက ငါ့ကို ဆီးပြောကြတာပဲ၊ နင်တို့ ကို သင့်တော်တာတွေ့ရင် စီမံပါဦး ခင်သိုက်ရေ ဆိုပြီး…"

"ဒါတော့ နင်က အိမ်ထောင်ကျနေလို့ ပြောတာပါ"

"အေးလေ…နင်တို့ လည်း အိမ်ထောင်လေး ဘာလေးပြုသင့်လှပြီဟဲ့…၊ သိပ်ကြီးသွားရင် ခပ်ကောင်းကောင်း ထဲက ဘယ်ခေါင်းခေါက်ပြီး ရတော့မလဲ၊ အဲဒီ ခပ်ကောင်းကောင်း တွေက သုံးဆယ်ကျော်ကြီးတွေကို ယူမယ့်အစား ပျိုမြစ်နုနယ်လေးတွေကို သူတို့ ပဲ ခေါင်းခေါက်ယူတော့မှာ ပေါ့"

"အမယ်လေးနော်... နှမြောရမလိုဘဲ... မျက်ရည်တောက်တောက်နဲ့ ကျရတော့မလို့ ဘဲ၊ ကိုယ့်ရည်းစားဆိုရင်လည်း လက်လွတ်လို့ လွမ်းစရာပေ့ါ၊ ခုတော့ ဘယ်သူက ဘယ်သူယူ ငါတို့ က ဘာဝမ်းနည်းရမှာ လဲ"

"မိန်းမဆိုတာ အရွယ်ရှိတုန်း ရွေးချယ်အိမ်ထောင်ပြုရတယ်၊ ကိုယ်က နောက်ကျမှ အိမ်ထောင်ပြုတော့မလို့ ပါဆိုရင်လည်း ကိုယ့်နားကပ်လာတဲ့ လူက ရှိဦးမှ "

"ခင်သိုက်...နင်ပြောနေတာတွေက ငါတို့ အဖွဲ့ ရှက်စရာကြီးတွေ၊ ကိုယ်ကြိုက်တာ မတွေ့လို့ ကိုယ်မယူတာဘဲ၊ ခုပဲ ပြေးပျက်ပြီး တစ်ယောက်ယောက်ကို ဆွဲလွဲရမလိုဖြစ်နေပြီ"

ခင်သိုက်က နှင်းဆီ, မာလာနှင့် သဥ္ဇာကို ‌ေ့ကြည့်ရင်း...

"နင်တို့ ဟာ ရုပ်လေးတွေလည်း ရှိ...ပညာတွေကလည်း အသီးသီး ဆရာဝန်ဘွဲ့တွေ၊ အလုပ်အကိုင်တွေကလည်း ကောင်းကြတယ်၊ မိဘနောက်ခံကလည်း စုတ်ပြတ်တာ တစ်ယောက်မှ မပါဘူး၊ ကျောင်းတုန်းကလည်း ကြိုက်သူဝိုင်းဝိုင်းလည်ခဲ့တာချည်းပဲ၊ ခုထိ အကြိုက်မတွေ့ဘူးဆိုပြီး မရွေးကြဘူး၊ နင်တို့ အပျိုကြီး ဖြစ်ချင်လား ပြောစမ်း အလွယ်မပြောနဲ့ ၊ သေချာစဉ်းစားပြီ အမှန်ပြော"

သဥ္ဇာက ဦးစွာပင်...

"ငါ အပျိုကြီး မလုပ်ပါဘူး"

"အေးချိုဦး အစ်ကိုကို ရွေးတော့မယ်ပေ့ါ"

"အေး...စဉ်းစားနေတယ်၊ ခုထိတော့ နည်းနည်းသဘောတွေ့တယ်၊ ခဏ ဆက်စောင့်ကြည့်ပြီး ငြင်းစရာ သိပ် မရှိရင် လက်ခံလိုက်တော့မယ်လို့ စဉ်းစားထားတယ်"

“Good”

ခင်သိုက်ရဲ့ ဆရာမကြီး လေသံကို အားလုံးဝိုင်းရယ်လိုက်ကြပါသည်။

“အေးချို့ဦး အစ်ကို လူကောင်းဟဲ့ ပိုက်ဆံလည်း ရှာနိုင်တယ်၊ ကြွပ်ကြွပ်အိတ်တို့ ပလတ်စတစ်အိတ်တို့ လုပ်တဲ့ စက်ရုံလေ၊ ကိုကိုက ထောက်ခံတယ်၊ ငါ သဉ္ဇာ့ အတွက် စိတ်အေးပြီ…နင်တို့ နှစ်ယောက်ပဲ”

“နင့်မလည်း အပူမရှိ အပူရှာလွန်းပါတယ်”

“သဉ္ဇာကိစ္စ သတင်းကြားတာနဲ့ နင်တို့ ဖို့ စဉ်းစားပြီး စိတ်မအေးဖြစ်လာတာလေ၊ မာလာနဲ့ နှင်းဆီဟာ ခုထိ ကလေးလို အစားခုတ်တုန်း၊ ပစ္စည်းတစ်ခုရရင် လုယက်တုန်း၊ ကဲ…နင်တို့ လည်း အပျိုကြီး ဖြစ်ချင်လား ပြောစမ်း၊ ငါ့ကို နိုင်ရပြီးရောဆိုပြီး ဖြစ်ချင်တယ်လို့ အလွယ်မဖြေနဲ့ ၊ တကယ်စဉ်းစား၊ ဦးနှောက်နဲ့ စဉ်းစား”

နှင်းဆီရော မာလာပါ ခဏ တိတ်နေပါသည် ။

ခဏနေမှ မာလာက…

“ငါတော့ အပျိုကြီး မဖြစ်ချင်ဘူး ဟဲ့…သေချာတယ်”

နှင်းဆီက မာလာ့ကို မျက်လုံးပြူး၍ ကြည့်သည် သူက အပျိုကြီးကိစ္စကို ထည့်ကိုမစဉ်းစားထားသေးပါ။ အခုကိုယ်လုပ်နေရသော လုပ်ငန်းခွင်မှာ စိတ်အပြည့်နှစ်၍ စိတ်ပါဝင်စားတက်ကြွနေပါသည် ။ ပျော်နေပါသည် ။

“ငါ့ယောက္ခမနဲ့ ငါက တည့်တစ်ချက် မတည့်တစ်ချက်နဲ့ ဟ၊ သူရော ငါရော တစ်ယောက်ယောက်က စိတ်ပုပ်နေလို့ တော့ မဟုတ်ဘူး ။ ဒါပေမဲ့ နှစ်ယောက်လုံးက ကြက်ခေါင်းဆိတ်မခံစိတ် ရှိတော့ ထစ်ခနဲဆို ကို

ယ့်စိတ်လေးနဲ့ ကိုယ်၊ တစ်ခါတစ်ခါကျ တင်းချင်တယ်၊ သေချာတာက မိဘမရှိတော့တဲ့ အခါ အပျိုကြီးတစ်ယောက်အဖြစ်နဲ့ ငါက ကိုကိုတို့ နဲ့ သွားပေါင်းပြီး မနေချင်ဘူး”

“ဒါ မှန်တယ်၊ သိပ်ပြီး ကျိုးကြောင်းဆီလျော်တယ်၊ နင့်ဖူးစာရှင် ရှာကိုရှာရမယ်၊ ခုအချိန်ဟာ အကောင်းဆုံးအချိန်ပဲ…၊ ဒီထက် နောက်မကျစေနဲ့ တော့”

“အေးဟယ်…ကဲ…ရှာမယ်”

“နှင်းဆီ”

“ဘာလဲ”

“နင်ကကော”

နှင်းဆီက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ…

“နင့်ကို လောလောဆယ် ပရိုပို့စ်လုပ်ထားတာ ဘယ်နှယောက်ရှိလဲ”

နှင်းဆီက အောင့်သက်သက် ခပ်ရှက်ရှက်နှင့် မျက်နှာရှုံ့မဲ့ကာ

“တစ်ယောက်တည်းရယ် ရှိတယ်”

“ဘယ်သူလဲ…”

“ရုံးကလေ၊ လူပျိုကြီး လေးဆယ်ကျော်၊ မုန်းစရာ၊ ငါအော့ကြောလန်သွားလို့ ကြည့်မရဘူး၊ သူကများ သူ့ပုံသူအားမနာ…ငါ့ကြိုးစရာလား၊ သင်းကို နင်ထည့်တွက်မနေနဲ့၊ တစ်ယောက်မှ မရှိဘူးပဲ မှတ်ထားလိုက်”

“ကဲ…တွေ့တယ် မဟုတ်လား၊ အပျိုကြီး စာရင်းဝင် လာလေ… လူပျိုကြီးတွေက သူတို့ အစာအဟာရထင်ပြီး ထည့်တွက်ခံရလေ၊ နင်တို့ ဒီထက်နောက်ကျလာရင် အသက်ဖင်ဆောင့်နေတဲ့ လူပျိုအိုနာကြီးတွေ

ကပဲ ပရိုပို့စ်လာလုပ်တော့မှာ ”

“အမယ်လေး…ကြောက်လိုက်တာ၊ မဖြစ်ပါစေနဲ့ ”

“မာလာ…နင့်ကိုကော ပရိုပို့စ် လုပ်ထားတာဘယ်နှယောက်ရှိလဲ”

“အဟီး”

“ဘာအဟီးလဲဟ”

“ရှက်လို့ ပါဟ့၊ တစ်ယောက်မှ မရှိဘူး”

“ကဲ…တွေ့လား၊ ကျောင်းတုန်းကဖြင့် စာတွေမဖတ်နိုင်လို့ လွှင့်ပစ်ရတယ်၊ ဖုန်းတွေလည်း နားမထောင်နိုင်လို့ ဘေးချထားရတယ်၊ ဒီတုန်းက မရွေးခဲ့တော့ အခုရွေးစရာကို မရှိဘူး”

“ငါတို့ မှ မကြိုက်ခဲ့တာဟဲ့”

“ကဲ…သဥ္ဇာရော…ဘယ်နှယောက်ရှိလဲ”

“ငါလည်း အဲဒီ ကိုမင်းထွန်း တစ်ယောက်တည်းရှိတာ တည်တည်တံ့တံ့ ဖွင့်ပြောတာပေါ့၊ ဒီလိုပဲ ဟိုစ,ဒီစ ရိသဲ့သဲ့လိုလိုတွေတော့ ရှိတာပေါ့ဟာ၊ အလုပြင်ဆိုင်ဖွင့်ထားတာဆိုတော့ အပေါင်းအသင်းများ တော့ပြောမလိုလို နောက်တာလိုလိုတွေတော့ ရှိတယ်၊ ဣန္ဒြေရရကတော့ ကိုမင်းထွန်း တစ်ယောက်ပဲ”

“အင်း…အတော်ရှားပါးကြပါလား၊ စိတ်တောင်မကောင်းဘူး”

ခင်ခင်သိုက်က လှောင်ပြောင်သလို တမင်အသံထွက်ရယ်နေ၍ တစ်ယောက်တစ်လက် ဝိုင်း၍ ဆိတ်ဆွ ရိုက်ပုတ်လိုက်ကြပါသည်။

“ကဲ…ကဲ…နင်တို့ ငါ့ကို တစ်ယောက် ငါးရာတန်တစ်ရွက်ပေးစမ်း”

“ဘာလုပ်ဖို့ လဲ…နေရင်း ထိုင်ရင်း”

“ပေးပါ…ပေးပါ၊ မရှည်ပါနဲ့ ”

သူတို့ တတွေ ရှည်ရှည်ဝေးဝေး မေးမနေတော့ဘဲ တစ်ယောက်ပိုက်ဆံငါးရာဆီ ထုတ်ပေးလိုက်ကြပါသည် ။ နှင်းဆီက ဟောင်းတာကိုရွေးနေ၍ …

“ဟဲ့…သစ်တာပေး၊ မယ်ကပ်စေး”

“သစ်ဖို့ လိုလို့ လား”

“လိုတယ်…ဒီတစ်ယောက်က ကပ်စေးကနဲ့တာကပါသေးတယ်၊ ကပ်စေးနဲ့တဲ့ မိန်းမဟာ ကပ်စေးနဲ့တဲ့ ယောက်ျားနဲ့ ပဲ ရတတ်တယ်နော်”

“မရပါစေနဲ့ ”

နှင်းဆီက ငါးရာတန် ခပ်သစ်သစ်လေး ထုတ်ပေးရင်း…

“နင် ဘာလုပ်မှာ လဲ”

ခင်သိုက်က ဘောလ်ပင်ထုတ်ပြီး နှင်းဆီရဲ့ ငါးရာတန်မှာ အရင်ဆုံးရေးချလိုက်ပါသည် ။

Dial it

(52.....)

နှင်းဆီသည် သူ့ဖုန်းနံပါတ်ကို သူ့ပိုက်ဆံပေါ်မှာ ရေးလိုက်တာမြင်လျှင် မျက်လုံးမျက်ဆန် ပြူးသွားရကာ

“ဟဲ့…နင်ဘာလုပ်တာလဲ၊ ငါ့ဖုန်းနံပါတ်ကြီးကို”

ခင်ခင်သိုက်က မာလာ့ပိုက်ဆံ…သဉ္ဇာ့ပိုက်ဆံတို့ ပေါ်မှာ လည်း မာလာနှင့် သဉ္ဇာတို့ အသီးသီးရဲ့ ဖုန်းနံပါတ်တွေ ချရေးလိုက်ပါသည် ။

"ဟဲ့…ခင်သိုက်၊ Dial it တဲ့ ၊ ဘာလ အဲဒါ၊ ဒီပိုက်ဆံရတဲ့ လူကို ဖူးစာရှင် သတ်မှတ်ပြီး ငါတို့ ဆီ ဖုန်းဆက်လာဖို့ လား၊ လုံးဝအဓိပ္ပာယ်မရှိဘူးနော်၊ ဒီပိုက်ဆံက ကလေးတို့ ကုလားအဘိုးကြီးတို့ လက်ထဲရောက်သွားရင် ဘယ်လိုလုပ်မလဲ၊ နင့်အလုပ်က ငပေါအလုပ်၊ ငါတို့ ကကိုယ့်ဆီဖုန်းဆက်လာရင် ဖူးစာရှင် သတ်မှတ်ရတော့မှာ လား၊ နူနူဝဲဝဲ ကျိုးကျိုးကန်းကန်းတွေလက်ထဲ ရောက်ရင်ကော…နင်နော်၊ တော်ပြီဟာ၊ သဘောမတူဘူး…"

" မဟုတ်ဘူး ဟာ…ဒီပိုက်ဆံကို ရတဲ့ သူကလည်း ဆက်ချင်မှ ဆက်မှာ ပါ၊ ပိုက်ဆံပေါ်မှာ ဒီလိုပဲ ဖုန်းနံပါတ်တို့ လိပ်စာတို့ ပါလာတတ်တာပဲဟာ၊ ဘယ်သူက အရေးလုပ် ဆက်နေလဲ၊ ဆက်တိုင်းလဲ ဖူးစာရှင် ဘယ်ဟုတ်ပါ့မလဲ"

"ဒါဖြင့် နင်ဘာလို့ နံပါတ်ရေးပြီး ဆက်ခိုင်းတာလ"

"အဲဒါ ယတြာဟဲ့"

"ဘာ"

"ယတြာ…ယတြာ၊ ဒီယတြာဟာ အခုခေတ်စား လာပြီး အစွမ်းလည်း တကယ်ထက်နေတယ်…ငါ့အစ်မဝမ်းကွဲအပျိုကြီး ဒီလိုနဲ့ပဲ စွံသွားတယ်"

"ဘာယတြာလဲ…နင်နော်…ပေါချာချာနဲ့ "

"အဲဒါ နာမည်ကြီး ဆရာ"-----"ရဲ့ ယတြာအစစ်၊ ငါ့အစ်မသွားမေးတုန်းက ဒီယတြာဟာ ဘယ်နေ့သားသမီးမဆို လုပ်နိုင်တဲ့ ယတြာလို့ ပြောလိုက်တယ်၊ ဒီပိုက်ဆံပေါ်က ဖုန်းနံပါတ်ကို တွေ့တဲ့ သူတွေက ဆက်ချင်မှ လည်း ဆက်မယ်…ဆက်ချင်လည်း ဆက်မယ်၊ ဆက်လာတိုင်း ဖူးစာ

ရှင်လည်း မဟုတ်ဘူး ။ ဒါပေမဲ့ ဒီယတြာလုပ်လိုက်တဲ့ အတွက် စပ်ဟပ် တောင်းရမ်းသူတွေ ကိုယ့်မှာ ပေါများ လာတယ်...အဲဒီထဲက ရွေးချယ်ဖို့ ပဲ”

“ဒီလိုရေးလိုက်ရုံနဲ့ စပ်ဟပ်တောင်းရမ်းသူတွေ ပေါများ လာမယ်...”

“ဟုတ်ယ်၊ ကိုယ်တွေ့၊ ငါ့အစ်မဟာ နင်တို့ လောက်လည်း လှတာ မ ဟုတ်ဘူး ၊ ဘွဲ့ကလည်း ရိုးရိုးဘွဲ့လေးရထားတာ၊ အသက်က သုံးဆယ့် လေးရှိပြီ၊ ကြီးကြီးက အရမ်းအိမ်ထောင်ကျစေချင်တာ၊ ကောင်းကောင်း ထဲက တောင်းရမ်းစကား ပြောတဲ့ သူကလည်း မရှိ၊ မိန်းကလေးရှင်ဆို တော့ လုပ်ရကိုင်ရလည်း ခက်၊ ဒါနဲ့ ဗေဒင်မေးတာ ဒီယတြာရတော့ ငါ့ အစ်မအိမ်က ဖုန်းနံပါတ်ကို ပိုက်ဆံငါးရာတန်ပေါ်ရေးပြီး သုံးလိုက်တာ၊ တစ်လအတွင်း လူလေးယောက်ရဲ့ မိဘတွေဆီက စကားစကမ်းလှမ်း တာခံရတာပဲ၊ အဲဒီထဲကပဲ တစ်ယောက်ကို ရွေးချယ်ပြီး အခုရှေ့အပတ် လက်ထပ်တော့မယ်”

နှင်းဆီ, မာလာနှင့် သဥ္ဇာက တစ်ယောက်မျက်နှာ တစ်ယောက်ကြ ည့်ကာ အင်တင်တင် ဖြစ်နေကြပါသည် ။

“နင်တို့ လည်း ခေတ်ပညာတတ် ဆရာဝန်မတွေဆိုတော့ ယုံဖို့ ခက် ခက်ပေ့ါ...ငါသိတယ်၊ ဒါပေမဲ့ စမ်းသပ်ကြည့်စမ်းပါ၊ စမ်းသပ်ကြည့်တာ မမှားဘူး၊ နင်တို့ ကိုပရိုပို့စ်လုပ်တဲ့ သူတွေ၊ မိဘချင်း ကမ်းလှမ်းတဲ့ သူ တွေပေါ်ထွက်လာရင် နင်တို့ ခေါင်းခေါက်ရွေးရုံပဲလေ”

“ဒီဖုန်းနံပါတ် ရတဲ့ သူတွေက လက်ဆော့ပြီး ဆက်နေရင်ကော”

“ဖုန်းချပစ်ပေ့ါဟယ်...ကိုယ်မပြောချင် မပြောလို့ ရတာပဲ”

“နင်ဟာကြီးက တစ်မျိုးပဲ၊ ရှက်စရာကောင်းတယ်”

"ရှက်ရအောင် ဘယ်သူက ဘာသိမှာ မို့လဲ၊ ဒီထဲမှာ လည်း ဖုန်းနံပါတ်သာ ပါတာ၊ နင်တို့ နာမည်တွေလည်း မပါဘူး၊ တွေ့တဲ့ သူက ဆော့ပြီး ဆက်ချင်ရင်တောင် နာမည်မပါဘဲ သူက ဘယ်သူ့ကို စကားခေါ်ပြောမှာ လဲ၊ ကိုယ့်ဘက်က ငြင်းထုတ်ဖို့ အသာစီးပါ"

"ဒါဖြင့် ငါက ဘာလုပ်ဖို့ လိုလ၊ ငါက ကိုမင်းထွန်းကို ရွေးချင်ရွေးမှာ ပဲဟာ"

"ရွေးချင်လည်း ရွေးပေ့ါ...ဒီယတြာ တကယ်ထိရောက်လို့ စပ်ဟပ်တဲ့ သူတွေ ထပ်ပေါ်လာရင်လည်း နင် အရှုံးမရှိပါဘူး၊ မရဘူး၊ နင်တို့ ငြင်းမနေနဲ့ ၊ တကယ်ဖြစ်တာ ငါ ကြုံလိုက်ရလို့ နင်တို့ ကို စမ်းသပ်တာ၊ တကယ်လို့ ...ဘာမှ မထူးခြားလည်း အရှုံးမရှိဘူး"

"ငါးရာရှုံးတယ်လေ"

"ဒီကပ်စေးနှဲမ၊ ဒီငါးရာက နင်အခု ဟိုဘက်က စစ်တီးမှာ့ထ်ထဲဝင်ပြီး နင်ဝယ်ချင်တာ ဝယ်လိုက်ရုံပဲ၊ ဘာမှ ရှုံးစရာရှိလဲ "

"ဩော်...အဲလိုလား"

"ထူးခြား လာပြီး တောင်းရမ်းစပ်ဟပ်သူတွေ များ လာပေါ်လာလို့ နင်တို့ အဲဒီထဲက မကြိုက်လည်း ငြင်းရုံပဲဟာ၊ နင်တို့ မှာ ဘာမှ အရှုံးမရှိဘူး၊ သဘောကျ နှစ်ခြိုက်စရာပါလာရင်သာ ရွေးချယ်ခွင့် ကိုယ့်မှာ ရတယ်၊ အဲဒါအမြတ်"

"အဲဒီ ယတြာတို ဘာတို့ ဆိုတာ တစ်ခါမှ ချေဖူးတာ မဟုတ်ဘူး "

"မချေဖူးလည်း အခု ချေတော့ ဘာဖြစ်သေးလဲ"

"အေးဟာ...ငါလည်း သိပ်အယုံအကြည် မရှိဘူး"

“မရှိလည်း နေလေ၊ ဘာမှ မဖြစ်လည်း ပြီးရော...ဖြစ်လာရင် အမြတ်လို့ ပြောပြီးပြီပဲ”

“ငါတို့ က ဖူးစာရှင် လိုချင်လို့ ဒီလိုလုပ်တယ်ဆိုတာ လူသိရင် ရှက်တယ်”

“ငါတို့ လေးယောက်ကလွဲပြီး ဘယ်သူမှ သိစရာ မရှိဘူး”

“နင့်ယောကျ်ားကို နင်ပြောရင်ပြောမှာ ပေါ့”

“မပြောဘူး”

“အေးနော်...ကိုမျိုးမင်း သိနေလို့ ကတော့ နင်သေမယ်”

“သေမယ်ဟယ်”

နှင်းဆီသည် ဘဝင်မကျနိုင်သေးဘဲ မျက်ခုံးလေးရှုံ့ကာစဉ်းစားရင်း...

“ဒါဖြင့်...ငါတို့ သုံးယောက် လုပ်ရမယ်ဆိုရင် နင်လည်း လုပ်ရမယ်ခင်သိုက်”

“ဟဲ့...ငါက ယောကျ်ားနဲ့ ၊ ငါဘာလို့ လုပ်ရမှာ လဲ”

“မရဘူး...နင်ပါလုပ်မှ ငါတို့ လုပ်မယ်၊ နင် ငါးရာထုတ် နင့်ဖုန်းနံပါတ်ပါရေး”

“ဟာ...မဆိုင်တာပဲ”

“နင့်ယတြာကို နင်ကိုက ခါးခါးသီးသီး ငြင်းနေတော့ ငါတို့ လည်း လုပ်ချင်စိတ် မရှိဘူး”

“ကျွတ်...ဘာဆိုင်လဲဟဲ့၊ ငါက အိမ်ထောင်သည် လေ၊ ငါ့ကို တောင်းရမ်းစပ်ဟပ်တဲ့ သူ ဆိုတာလည်း ပေါ်လာစရာမရှိဘူး၊ ငါ့အတွက်လည်း

မလိုအပ်ဘူး”

“အေးလေ…ပေါ်လာလည်း နင် အိမ်ထောင်သည် ဆိုတာ မကြာခင် သိသွားမှာ ပဲဟာ၊ ဘာဖြစ်စရာ အကြောင်းမှ မရှိတာ၊ နင့်ဖုန်းနံပါတ်တွေ့ပြီး ဆက်တဲ့ သူလည်း နင်ပြောသလိုပဲ ဖုန်းချပစ်ရုံပေါ့၊ ပေါ်လာလာ မပေါ်လာလာ ကိုယ်ရွေးမှ ဖြစ်တာ။ နင်လည်း ရေးရမယ်”

“ဟာကွ…၊ ငါက နင်တို့ အတွက် အကောင်းလုပ်တာ၊ ငါက လုပ်ဖို့ လိုကိုမလိုဘူး”

“ဒါဖြင့် ငါမလုပ်ဘူး…ပေး…င့ါငါးရာ”

နှင်းဆီက ဖျတ်ခနဲ ဆွဲယူလိုက်ပါသည် ။

“ငါလည်း မလုပ်ဘူး…ပေး…”

မာလာကလည်း ဆွဲသည် ။ ခင်ခင်သိုက်ဟာ ဒီတစ်ခါတော့ အပါမခံဘဲ တုံ့ဆွဲထားရင်း…

“ကဲ…လုပ်မယ်…လုပ်မယ်…ငါလည်း လုပ်မယ်၊ နင်တို့ အတော်ကတ်သီးကတ်သတ် နိုင်တဲ့ ဟာတွေ၊ တော်ကြာ ငါ့ကို တောင်းရမ်းတဲ့ သူ ပေါ်လာမှ ဒုက္ခဖြစ်နေမယ်”

“နင့်ကြည့်ရတာ ငါတို့ ကို အဖော်ရစေချင်တာ အိမ်ထောင်ပြုစေချင်တာထက် နင့်အစ်မတုန်းက မှန်သလိုဖြစ်သွားတဲ့ ဒီယတြာကို ငါတို့ နဲ့ ထပ်စမ်းသပ်ကြည့်ချင်နေတာပါနော်၊ ငါသိတယ်”

“အေး အဲဒါလည်း ပါတယ်…ငါဝန်ခံပါတယ်”

“အိမ်ထောင်သည် က ဒီယတြာလုပ်မိရင် ဘာဖြစ်လဲဆိုတာလည်း စမ်းသပ်တွေ့ရှိရတာပေါ့ဟယ်၊ ကဲ…ပေး…ပေး နင့်ငါးရာ၊ ငါရေးမယ်”

ခင်ခင်သိုက်က ပိုက်ဆံငါးရာ ဖျတ်ခနဲထုတ်ပေးလိုက်၍ နှင်းဆီက ယူကာ ရေးချလိုက်ပါသည် ။

Dial it

(66.....)

ပြီးလျှင် လေးယောက်သား ငါးရာတန်တွေကိုကြည့်ကာ တဟီးဟီး ရယ်မိကြလျက် ဂျေဒိုးနတ်ဆိုင်မှ ထ,လိုက်ကြပါသည် ။ တစ်ဖက်က စစ်တီးမာ့ထ် ဆိုင်ခန်းကြီးဘက် ကူးလာကြတာ တိုလီမိုလီ လိုအပ်ရာလေးတွေ ဝယ်ကြပါသည် ။ ပိုက်ဆံရှင်းတဲ့ အခါ အသင့်ရေးထားတဲ့ ငါးရာတန်တွေကို ထည့်ရှင်းလိုက်ပြီး ပြုံးစိစိ ဖြစ်နေကြပါသည် ။

“ဒုက္ခပဲ...ဘယ်နေ့...ဘယ်ကဖုန်း ဝင်လာမလဲဆိုတာ တထိတ်ထိတ်ဖြစ်နေရတော့မှာ ”

“ဟဲ့...ဒီကနေ နံပါတ်တွေ့ပြီး ဆက်တဲ့ ဖုန်း ဝင်လာရင် မြဲ့မထားဘဲ ပြောပြကြဦးနော်၊ ဟားရအောင်လေ”

“ခင်သိုက်ဆီ ဖူးစာရှင် ရောက်သွားရင် ကောင်းမယ်၊ ဒါမှ ကိုမျိုးမင်းနဲ့ ကြည့်ကောင်းမှာ ”

“ကိုကို့သူငယ်ချင်းတွေထဲမှာ ကောင်းကောင်း ကန်းကန်းလူပျိုတွေ အများကြီးရှိတယ်လို့ ပြောလျက်သားနဲ့ နင်တို့ အဲဒီထဲက ရွေးချယ်လိုက်ရင် ပြီးနေပြီ။ ကိုကိုလည်း သူ့သူငယ်ချင်းတွေကို စွံစေချင်တာ၊ နင်တို့က လှတပတတွေဆိုတော့ အမြဲစကားစပ်တယ်၊ ငါ့မှာ နင်တို့ ကို ဆွဲဆောင်မရလို့ သာ၊ နေနေလိုက်ကြတာ ရွေးစရာတွေပဲ တအားများနေကြသလိုလို၊ မေးလိုက်မှ တစ်ယောက်မှ မရှိတဲ့ သူနဲ့ တစ်ယောက်ပဲရှိတဲ့ သူနဲ့ ၊ လူပျိုကြီးကပဲ ပရိပို့စ်လုပ်တာခံရတဲ့ သူနဲ့ ”

"နင် ဒီလိုတော့ မိုချိုးမှုစ်ချိုး မပြောပါနဲ့ "

"ပြောစရာပေ့ါဟ့်၊ လေးဆယ်ကျော်ကြီးက ကြိုက်ခံရတယ်…ဟား ဟား၊ ဖြစ်ရလေဟယ်၊ နင့်ဘော့စ်အန်ကယ်က နင့်ကို သိပ်သဘောကျဆို ၊ သူ့မှာ များ သားလေး ဘာလေး မရှိဘူးလား"

"သားတော့ရှိပါရဲ့ "

"နင့်ကို မကြိုက်ဘူးပေ့ါ"

"ကြိုက်မကြိုက် တွေးစရာမလိုပါဘူး…သားအပြင် မြေးပါရှိနေလို့ ပေ့ါဟ့်…ဟား…ဟား"

လေးယောက်သား ရယ်မောကာ ဂျန်းရှင်းအိတ်ထဲကပြန်ထွက်လာကြပါသည် ။ နှင်းဆီကို ခင်သိုက်က လိုက်ပို့ပေးမည်ဖြစ်ကာ မာလာ့ကို သဉ္ဇာက ပြန်ပို့ပါမည်။

နှစ်ယောက်တွဲ လမ်းခွဲကာ ဖုန်းဆက်ဖို့ တွေ ထပ်ဆုံဖို့ တွေ ချိန်းပြီး ကားနှစ်စီးနှင့် တစ်လမ်းစီ ပြန်ခဲ့ကြပါသည် ။

*